February 2024

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# e-Newsletter

Vol.3 No.2 https://mnhrc.org.mm/publication/e-Newsletter





မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဟောပြောဆွေးနွေးပွဲတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

## သတင်းအညွှန်း


- ကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၄) စာ ၃
- ကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် လုံခြုံရေးနှင့် ပညာပေးသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ် စာ ၄
- အမေ့မေတ္တာကြွယ်ရိပ်မွန် ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း စာ ၅
- တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ စာ ၆
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း စာ ၁၀
- မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးခြင်း စာ ၁၀
- မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာသွားရောက်ပို့ချ စာ ၁၄
- နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ စာ ၁၄


## စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်

ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဟောပြောဆွေးနွေးပွဲကို ၂၃-၁-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကုန်သည်စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းများ၊ စက်မှုဇုံများမှ ကိုယ်စားလှယ်များ၊ အသင်းသူ/သားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အစိုးရဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူများ





အကြား လူ့အခွင့်အရေး အသိပညာဗဟုသုတ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့အသင်းချုပ်အနေဖြင့် ပူးပေါင်း ပါဝင်ခွင့်ရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ကမ္ဘာပေါ်တွင် ပိုမိုကျယ်ပြန့်သော လူ့အခွင့်အရေးများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပုဂ္ဂလိက ကဏ္ဍသည် အရေးကြီးသော ကဏ္ဍအဖြစ် ပါဝင်နေပါကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၌ ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အသင်းချုပ်အနေဖြင့် ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၂၁ ရာစု၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးရာနှင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို အထွေထွေသုံးသပ်မှုများ ပြုလုပ်ရာတွင် လူ့အခွင့်အရေးစံနှုန်းကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အရေးကြီးဆုံးသော မဏ္ဍိုင် (၃) ရပ်အနက် လူ့အခွင့်အရေး မဏ္ဍိုင်သည် အဓိကကျသော မဏ္ဍိုင်အဖြစ် ပါဝင်နေပါကြောင်း၊ လူ့အခွင့်အရေးနှင့် စီးပွားရေးကဏ္ဍတို့သည် အရေးကြီးသည့် ကဏ္ဍကြီးများဖြစ်ကြပြီး အပြန်အလှန် ဆက်စပ်မှုများရှိနေကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ် ဆောင်ရွက်ရာတွင် “Business & Human Rights” ၏ အရေးကြီးမှုကို သတိပြုရန် လိုအပ်ကြောင်း၊ ယင်းကဲ့သို့ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ် ဆောင်ရွက်ရာတွင် လူသားတို့၏ အခြေခံအခွင့်အရေးများကို ထိခိုက်မှုမရှိစေဘဲ ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ခြင်းနှင့် လူ့အခွင့်အရေး အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် အရပ်ဘက်အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရာမှာ လူ့အခွင့်အရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသူရကျော်က စီးပွားရေးနှင့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အမှုများအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အရှေ့တောင်အာရှ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအား ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခြင်း



ဇန်နဝါရီလ ၄ ရက်

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး အဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့သည် ၄-၁-၂၀၂၄ ရက်နေ့ နေပြည်တော်တွင် ကျင်းပသည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၄)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၁/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များ အပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ များအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ဆောင်ရွက်ချက် တစ်ရပ်ဖြစ်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့် ရကြမည် ဖြစ်ပြီး နိုင်ငံတော်၏ စေတနာကို အလေးထားလျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်နိုင်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ နိုင်ငံအချင်းချင်း ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ရာရောက်သည်ဟု ရှုမြင်ပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များနည်းတူ လွန်စွာ ဝမ်းမြောက်ပီတိ ဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များကို ဆက်လက် လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ် ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## ကော်မရှင်ရုံးအတွင်း မီးဘေးအန္တရာယ် လုံခြုံရေးနှင့် ပညာပေးသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခြင်း





ဇန်နဝါရီလ ၁၂ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုး ဦးဆောင်သောအဖွဲ့သည် ၁၂-၁-၂၀၂၄ ရက်နေ့ ၀၉:၀၀ နာရီအချိန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးသို့ မီးဘေးအန္တရာယ်လုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အဆောက်အဦများတွင် တပ်ဆင်ထားသည့် မီးကြိုးသွယ်တန်းထားရှိမှုများ၊ အဆောက်အဦများအတွင်း မီးဘေးအန္တရာယ်အတွက် အရေးပေါ်ထွက်ပေါက်များရှိ/မရှိ စစ်ဆေးခြင်း၊ အမျိုးသမီးအဆောင်နှင့် အမျိုးသားအဆောင်များ၏ စားချက်ဆောင်များတွင် မီးကြိုးများ သွယ်တန်းထားရှိမှုများအား လိုက်လံစစ်ဆေးခဲ့ပါသည်။

ထို့နောက် ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် မီးဘေးကြိုတင် ကာကွယ်ရေးဟောပြောပို့ချမှုများနှင့်လက်တွေ့သရုပ်ပြခြင်းများကို အစီအစဉ် (၂) ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။

အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လှိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဟိန်းလင်းထက်က ကော်မရှင်ရုံးအတွင်း လိုက်လံစစ်ဆေးမှုများအပေါ် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက် တာဝန်များ၊ မီးဘေးအန္တရာယ်နှင့် မီးလောင်မှုများအပေါ် ဖြစ်စဉ်သာဓကများနှင့် ရှင်းလင်းတင်ပြခြင်း၊ မီးဘေးလုံခြုံရေးနှင့် ပတ်သက်၍ သိရှိသင့်သည့်အချက်များ၊ မီး၏အခြေခံသဘောတရားနှင့် အခြေခံမီးငြိမ်းသတ်နည်း၊ မီးဘေးလုံခြုံရေးအတွက် လူတိုင်း သိရှိလိုက်နာရမည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအရ ကော်မရှင်ရုံးအဆောက်အဦ အမှတ် (၁)၊ လေဟာပြင်တွင် မီးငြိမ်းသတ်ခြင်းအား လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံးဝန်ထမ်းများက ကိုယ်တိုင် မီးငြိမ်းသတ်ခြင်း ပညာပေး လေ့ကျင့်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်ရုံး (ရန်ကုန်) တွင် ခန့်ထားနိုင်ရေး ရုံးအကူများ ရွေးချယ်ရေးပြုလုပ်ခြင်း

ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ရုံးအကူများ ခန့်အပ်နိုင်ရေး အရည်အချင်းစစ် လူတွေ့ဖြေဆို စစ်ဆေးခြင်းကို ကော်မရှင်ရုံးတွင် ၂၃-၁-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်၌ Conference Room တွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆိုအောင်မြင်သည့် ရုံးအကူများအား ကော်မရှင်ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြ ဆောင်ရွက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း





ဇန်နဝါရီလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၄) ကို ၃၁-၁-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် လျာထားချက်များ၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများအား တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ၉-၁-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ အထူးဖိတ်ကြားချက်အရ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာအားကြည့်ရှုစစ်ဆေးခြင်း



ဇန်နဝါရီလ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အဦများတွင် သက်ကြီးရွယ်အိုများ နေထိုင်မှုအခြေအနေ၊ အဆောက်အဦများအတွင်း အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် နေရာစီစဉ် ဆောင်ရွက်ထားမှု ရှိ မရှိ




အခြေအနေ စသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွားတို့အား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ အမေ့မေတ္တာ သက်ကြွယ်ရိပ်မွန်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ



**ဇန်နဝါရီလ ၁၀ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၄) သို့ ၁၀-၁-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၅၄) ၌ စုစုပေါင်း သင်တန်းသား ဦးရေ ၆၂ ဦး တက်ရောက်ခဲ့ကြပါသည်။

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန်စာအုပ်များ ပုံနှိပ်ဖြန့်ချိခြင်း

**ဇန်နဝါရီလ ၁၉ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အား တိုင်းရင်းသားဘာသာ (၉) မျိုးသို့ ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။ ယင်းတို့မှာ ပေါင်းညွှမ် (နာဂ)၊ လိုင်းနာ (နာဂ)၊ ခယမ်ညူငန် (နာဂ)၊ မကူရီ (နာဂ)၊ ဂျဂျာရ် (နာဂ)၊ ကိုညတ် (နာဂ)၊ ဂုဏ်ဝမ်ပိုညို (နာဂ)၊ နာဂဘုံစာပေနှင့် လော်ဝေါ် (ကချင်) တို့ဖြစ်ကြပြီး အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အား လော်ဝေါ် (ကချင်) နှင့် နာဂဘာသာ (၈) မျိုးကို

၁၀-၁၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပပြုလုပ်ခဲ့သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် မိတ်ဆက်ခြင်းဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားဘာသာပြန်စာအုပ် စုစုပေါင်း (၅၂၇၀) အုပ်အား ၁၉-၁-၂၀၂၄ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဒေသများရှိ တိုင်းရင်းသားများ လက်လှမ်းမီ ဖတ်ရှုနိုင်ရေး ပေးပို့ဖြန့်ချိခဲ့ပါသည်။



## Strategic Plan (2025-2029) လုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပခြင်း



ဇန်နဝါရီလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Strategic Plan (2025-2029) လုပ်ငန်းကော်မတီ အစည်းအဝေးကို ၁၁-၁-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ Operational Plan လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်၊ ဦးကျော်စိုး၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း နှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံများက Strategic Plan (၂၀၂၀-၂၀၂၄) ကို ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ လုပ်ငန်းတာဝန်များ (Terms of Reference - TOR ) ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မဟာဗျူဟာရေးဆွဲရာတွင် ပါဝင်သင့်သည့် ရည်မှန်းချက်ပန်းတိုင်များကို လုပ်ငန်းအဖွဲ့ဝင်များ ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်ကို ၁၂:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## Microsoft Office Excel သင်တန်းဖွင့်လှစ်ခြင်း





ဇန်နဝါရီလ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် Microsoft Office Excel အခြေခံ အကြောင်းအရာများ သိရှိပြီး လုပ်ငန်းတာဝန်များကို လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန် Microsoft Office Excel သင်တန်းကို ကော်မရှင်ရုံးတွင် ၈-၁-၂၀၂၄ ရက်နေ့မှ ၁၂-၁-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ သင်တန်းကို ကော်မရှင်ရုံး e-Government ဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံးဝန်ထမ်း ၂၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း

ဇန်နဝါရီလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ တင်ဒါကော်မတီ အစည်းအဝေးကို ၂၉-၁-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုး၊ ဒေါ်နုနုယဉ်၊ ကော်မတီအတွင်းရေးမှူး ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာ ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ တင်ဒါလုပ်ထုံးလုပ်နည်းများ၊ ပုံနှိပ်ခြင်းဆိုင်ရာ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပြီး ၁၃:၂၀ နာရီ အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ကိုဗစ်-၁၉ ရောဂါ (ပဉ္စမကြိမ်) ကာကွယ်ဆေးထိုးနှံပြီးစီး

ဇန်နဝါရီလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများအား ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်အချက်များနှင့် ကိုက်ညီသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Pfizer Vaccine) ထိုးနှံခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၆ ရက်နေ့များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း တိုင်တန်းချက် (၂၁) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၃) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၃) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၅) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း





ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၂၃-၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ရှိ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သန့်ရှင်းသော သောက်ရေရရှိမှုအခြေအနေ၊ သုံးရေကန်များ၊ မိသားစုညှော်တွေ့နိုင်မှုအခြေအနေနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်း တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးခြင်း

ဇန်နဝါရီလ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၆-၁-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို ကျွား (၁) ကုန်ထုတ်စခန်းနှင့် ကျွား (၂) ကုန်ထုတ်စခန်းများသို့လည်းကောင်း၊ ၁၇-၁-၂၀၂၄ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့်





ပြင်ဦးလွင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ၂၄ မိုင် ကုန်ထုတ်စခန်းများသို့လည်းကောင်း၊ ၁၈-၁-၂၀၂၄ ရက်နေ့တွင် ပြင်ဦးလွင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများနှင့် ချယ်ရီမြေဘိုးဘွားရိပ်သာသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကုန်ထုတ်စခန်းများနှင့် ရဲစခန်း အချုပ်ခန်းတို့ကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်မှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံခွင့် အခြေအနေ၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အချုပ်ခန်းအတွင်း သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

ကုန်ထုတ်စခန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်ရှိ ချယ်ရီမြေဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇန်နဝါရီလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၁/၂၀၂၄) အခမ်းအနားကို ၂၆-၁-၂၀၂၄ ရက်နေ့ ၁၅:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံးဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်းအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/အမှုထမ်း ၇၉ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၆:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့အသုံးစရိတ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

ဇန်နဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ အသုံးစရိတ် တင်ပြတောင်းခံထားရှိမှုအား စိစစ်ဆေးမှုခံယူနိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်၍ ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများပါဝင်သောအဖွဲ့သည် ၂၂-၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့အသုံးစရိတ် ရရှိရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံစစ်ဆေးကြည့်ရှုခြင်း

ဇန်နဝါရီလ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၉-၁-၂၀၂၄ ရက်နေ့ ၁၅:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှု မရှိစေရေး အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များနှင့် ဌာန (၆) ခုသို့ အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း




ဇန်နဝါရီလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်၍ ဌာနတာဝန်ခံများ ပါဝင်သော ဝန်ထမ်းရေးရာအကြံပေး အစည်းအဝေးကို ၂-၁-၂၀၂၄ ရက်နေ့၊ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့မှ ကော်မရှင်ရုံးတွင် ခန့်အပ်ထားရှိပြီးဖြစ်သည့် ကော်မရှင်ရုံးဝန်ထမ်းများ မိမိလုပ်ကိုင်ရသည့်အလုပ်အကိုင်၊ တာဝန်ချထားသည့် ဌာနများတွင် ပျော်ရွှင်မှုရှိစေရေး၊ နုတ်ထွက်ဝန်ထမ်းများ နည်းပါးစေရေးအတွက် ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ဝင် ဌာနတာဝန်ခံများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၅:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

---

## နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၃) ရေးသားပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပခြင်း



ဇန်နဝါရီလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၃) ရေးသားပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ၁၆-၁-၂၀၂၄ ရက်နေ့နှင့် ၁၇-၁-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ နှစ်ပတ်လည်အစီရင်ခံစာ ပြုစုရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် သက်ဆိုင်ရာ ဌာနတာဝန်ခံများက နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၃) တွင် ထည့်သွင်းမည့် ဌာနတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဌာနတစ်ခုချင်းအလိုက် ဝိုင်းဝန်း ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ နှစ်ပတ်လည်အစီရင်ခံစာ ပြုစုရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာသွားရောက်ပို့ချ



ဇန်နဝါရီလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော မှုခင်းမှတ်တမ်းအရာရှိသင်တန်း အမှတ်စဉ် (၁၈/၂၀၂၃) နှင့် တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၃/၂၀၂၃) တို့ကို ၂၅-၁-၂၀၂၄ ရက်နေ့ ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၅၀ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၄) သို့ ၃၀-၁-၂၀၂၄ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် စုစုပေါင်း ဆရာ၊ ဆရာမဦးရေ ၄၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်လာသူများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

# ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေး အစီအစဉ်အဖြစ် စားသုံးဆီနှင့် ဆန်အိတ်များ ရောင်းချပေးခြင်း






ဇန်နဝါရီလ ၃၁ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေးအစီအစဉ်အဖြစ် စားသုံးဆီ ပိဿာ (၁၈၁) ပိဿာအား (၁ ပိဿာလျှင် ၅,၂၀၀ိ/- ကျပ်နှုန်းဖြင့်) ၁၅-၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ဆန်ဧည့်မထ (၈၀) အိတ် ( ၅ ပြည်ဝင်အိတ် ၁ အိတ်လျှင် ၁၅,၀၀၀ိ/- ကျပ်နှုန်း) နှင့် ပေါ်ဆန်း (၁၁၀) အိတ် (၅ ပြည်ဝင်အိတ် ၁ အိတ်လျှင် ၂၃,၀၀၀ိ/- ကျပ်နှုန်းဖြင့်) ၃၁-၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ကြက်ဥအလုံး (၉၅၀) အား (တစ်လုံးလျှင်၂၅၀ိ/- ကျပ်နှုန်းဖြင့်) ၂၃-၁-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံး ဝန်ထမ်းများသို့ သက်သာသော နှုန်းထားဖြင့် ပြန်လည်ရောင်းချပေးခဲ့ပါသည်။

# ကိုရိုနာဗိုင်းရပ်စ် (Covid-19) Omicron XBB အား ကြိုတင်ကာကွယ်ရန် ကော်မရှင်ရုံးဝန်းအတွင်း ပိုးသတ်ဆေးများ လိုက်လံ ဖြန်းခြင်း၊ Mask နှင့် လက်သန့်ဆေးရည်များ ဖြန့်ဝေခြင်း စသည့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဇန်နဝါရီလ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးဝန်းအတွင်း ကိုဗစ်-၁၉ (Covid-19) Omicron XBB အား ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းစဉ်နှင့် ရောဂါကူးစက်မှု ကာကွယ်နိုင်ရေးအတွက် ကော်မရှင်ရုံး အဆောက်အဦ အမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃) အဆောင်များရှိ အခန်းများ၊ အစည်းဝေးခန်းမများ၊ ယာဉ်မောင်းနားနေဆောင်များနှင့် အမျိုးသမီးအိပ်ဆောင်များအတွင်း ပိုးသတ်ဆေး ဖြန်းခြင်းတို့ကို ၁၅-၁၂-၂၀၂၃ ရက်နေ့မှစ၍ ဆောင်ရွက်လျက်ရှိရာ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် (၁) လလျှင် (၁) ကြိမ် Mask နှင့် လက်သန့်ဆေးရည်များ လစဉ်ဖြန့်ဝေခြင်း ဆောင်ရွက်လျက်ရှိပါသည်။



# "အားလုံးချီတက်ကြမည် စိန်ရတု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဆီ"

## အေးစန္ဒာမြင့်

လူ့အခွင့်အရေး စံတန်ဖိုးများသည် လူ့အဖွဲ့အစည်း၏ အခြေခံအကျဆုံးသော တန်ဖိုးများ ဖြစ်ပါသည်။ လူသားတိုင်းအတွက် မရှိမဖြစ် အရေးပါပါသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းမွေးရာပါ ဂုဏ်သိက္ခာအတိုင်း နေထိုင်နိုင်ရန်အတွက် ဖြစ်ပါသည်။ လူ့ဂုဏ်သိက္ခာသည် လူသားများအတွက် အသက်ရှင်သန်စဉ်ကာလ တစ်လျှောက်လုံး၌ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ လူသားတစ်ဦးအတွက် ဂုဏ်သိက္ခာမဲ့စွာ အသက်ရှင်သန်နေထိုင်ရခြင်းသည် အသက်ရှင်သန်မှု၏ အဓိပ္ပာယ်ကို မေးခွန်းထုတ်စရာဖြစ်စေပါသည်။ လူသားများသည် ဘဝကို ဂုဏ်သိက္ခာနှင့် တည်ဆောက်ကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁) တွင် "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်" လို့ ဦးဦးဖျားဖျား ဖော်ပြထားခြင်းဖြစ်ပါသည်။ အင်မတန် အဓိပ္ပာယ် ရှိလှသော ဖော်ပြချက် တစ်ခုဖြစ်ပါသည်။

လူသားများ ရှိနေသမျှ လူ့အခွင့်အရေးများသည် ခွဲခြမ်း၍မရ တစ်ပါတည်း တည်တံ့နေမည် ဖြစ်ပါသည်။ လူ့အခွင့်အရေးကို တန်ဖိုးထားထိန်းသိမ်းခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းမည် ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဓလေ့ထုံးတမ်း ထွန်းကားစေရန်မှာ ကမ္ဘာသူ ကမ္ဘာသား အားလုံးနှင့် သက်ဆိုင်ပါသည်။ ထို့ကြောင့် မငြိမ်းချမ်းသေးသော ဒေသများတွင် လူ့အခွင့်အရေး အယူအဆများကို သိရှိနားလည် ကျင့်ကြံကာ ငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights– UDHR) ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ၏ မဲခွဲ ဆုံးဖြတ်မှု ရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို အတည်ပြုခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ (International Human Rights Day) အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပလာခဲ့ကြသည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်တော့မည်လည်းဖြစ်ပေသည်။

လူ့အခွင့်အရေးသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် "လူ့အခွင့်အရေး" ဟူသော စကားလုံးကို စတင် ထည့်သွင်းအသုံးပြုခဲ့သည်မှာ ၁၉၄၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ထွက်ပေါ်လာခဲ့သည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (Charter of the United Nations) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အပိုဒ် (၁) တွင် "လူမျိုး၊ ကျား၊ မ၊ ဘာသာစကားနှင့် ကိုးကွယ်သည့် ဘာသာမခွဲခြားဘဲ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအား လေးစားရေးကို မြှင့်တင်အားပေးရန်" ဟူ၍လည်းကောင်း၊ အပိုဒ် (၅၅) တွင် "လူသားအားလုံး၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို အားလုံးက လေးစားရန်နှင့် စောင့်ထိန်းရန်"ဟူ၍လည်းကောင်း၊ အပိုဒ် (၅၆) တွင် "လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များ မြှင့်တင်ရေးကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ တာဝန်များအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြောင်း" လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ဖော်ပြထားချက်များကို လေ့လာသိရှိရပါသည်။

လူ့အခွင့်အရေးဟု သုံးနှုန်းထားသော်လည်း လူ့အခွင့်အရေးသည် မည်သည်တို့ကို ခေါ်သည်၊ လူ့အခွင့်အရေး စံနှုန်းများသည် မည်သည့်စံနှုန်းများ ဖြစ်သည်ဟု ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်း မရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများက လူ့အခွင့်အရေးနှင့် စံချိန်စံနှုန်းတို့ကို အဖြေရှာ သုံးသပ်ခဲ့ကြပါသည်။ သို့အတွက် ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အပိုဒ် (၆၈) အရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီအောက်ရှိ လူ့အခွင့်အရေး ကော်မရှင်အား ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါဝင်သော လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုသည့် အဓိပ္ပာယ်များကို ဖွင့်ဆိုရှင်းလင်း ပြသနိုင်မည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာ

စာတမ်းကို ရေးဆွဲရန် တာဝန်ပေးအပ်ခဲ့ကြပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဖြစ်သူ အမေရိကန်သမ္မတကတော် အယ်လီနာရုစဗဲ့ (Eleanor Roosevelt) မှ ဦးဆောင်၍ ကြေညာစာတမ်း (မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။ ရေးဆွဲပြုစုရာတွင် နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာခြင်း၊ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများဖြင့် အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ခြင်း၊ မူကြမ်းတွင်ပါရှိသည့် စကားလုံးတိုင်း၊ အပိုဒ်တိုင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်မှုပေါင်း အကြိမ်ကြိမ်ပြုလုပ်မှုအပြီး စတင်ရေးဆွဲသည်မှ (၂) နှစ်ခွဲခန့်အကြာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် စံထားရမည့် ကြေညာစာတမ်းအဖြစ်လည်းကောင်း၊ နိုင်ငံတကာစာချုပ်များ၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများက ကိုးကားရေးဆွဲရသည့် ကြေညာစာတမ်းအဖြစ်လည်းကောင်း၊ ကမ္ဘာက အသိအမှတ်ပြုလက်ခံထားသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) သည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ အတည်ပြုပြဋ္ဌာန်းချက်ဖြင့် ထွက်ပေါ်လာခဲ့ပါသည်။

အဆိုပါ ကြေညာစာတမ်းသည် ဒုတိယ ကမ္ဘာစစ်ပွဲဖြစ်ပြီးနောက် တွေ့ကြုံရသော အခက်အခဲများနှင့် လူသားတိုင်းသည် တန်းတူညီမျှစွာ အခွင့်အရေးများ ရရှိနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့အဝှမ်း ပထမဦးဆုံး တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ အပိုဒ်ပေါင်း ၃၀ ပါရှိသော ဤကြေညာစာတမ်းတွင် နိုင်ငံတကာနှင့် ဆက်ဆံမှု၊ ပြည်တွင်းတွင် လူ့အခွင့်အရေး တန်းတူ ရရှိနိုင်ရန်အတွက် အုတ်မြစ် တည်နိုင်စေရန်၊ ဥပဒေနှင့် နိုင်ငံတိုင်းတွင် အခြေခံဥပဒေ တည်ဆောက်နိုင်ရန် ရည်ရွယ်ရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခဲ့ပြီး ယင်းနှစ် ဧပြီလတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ခွင့် ရရှိခဲ့လေသည်။ သမိုင်းဝင် လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရန် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ခဲ့ကြသည့်အချိန်၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် မဲပေးခွင့်ရခဲ့ပြီး ထောက်ခံမဲပေးခဲ့သည့် နိုင်ငံများအနက်တွင် တစ်နိုင်ငံအပါအဝင်ဖြစ်ခဲ့လေသည်။ ထိုအချိန်က ကုလသမဂ္ဂတွင် အဖွဲ့ဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံ တည်းသာရှိသေးပြီး မြန်မာနိုင်ငံ၏ လုပ်ရပ်မှာ များစွာဂုဏ်ယူ ဝင့်ကြွားဖွယ်ရာပင် ဖြစ်ပေသည်။ ယနေ့အချိန်ကာလတွင်မူ ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအထိရှိနေပြီဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများကလည်း ထောက်ခံခဲ့ကြသည့်အတွက် ယင်းကြေညာစာတမ်းမှာ ကမ္ဘာလုံး ဆိုင်ရာ လူ့အခွင့်အရေးအတွက် လက်ရှိအချိန်ထိတိုင် အသက်ဝင် အရေးပါနေဆဲဖြစ်ချေသည်။ နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကိုးကားအသုံးပြုကြခြင်းကြောင့် ကမ္ဘာ့အံ့ဖွယ်အရာများ ရေးသားသည့် "The Guinness Book of World Records" စာအုပ်တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် ကမ္ဘာတွင် ဘာသာပြန်ဆိုမှု အများဆုံးအဖြစ် စံချိန်တင်ထားသည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး စံထားရသော ကြေညာစာတမ်းကြီးဖြစ်လေသည်။

လူသားများ၏မွေးရာပါအခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဖော်ပြထားသည့် အဆိုပါ ကြေညာစာတမ်းတွင် အပိုဒ်ပေါင်း (၃၀) ပါရှိပြီး အပိုဒ် (၁) နှင့် (၂) သည် လူ့အခွင့်အရေး အားလုံး၏ အခြေခံများ၊ အပိုဒ် (၃) မှ (၂၁) အထိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ (အသက်ရှင်သန်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့်၊ ကျွန်ပြုခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှဖြစ်ခွင့်၊ မတရားဖမ်းဆီးမှု၊ ချုပ်နှောင်မှုနှင့် ပြည်နှင်မှုမှ ကာကွယ်ခြင်း၊ ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်)၊ အပိုဒ် (၂၂) မှ (၂၇) အထိ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ (မိမိကိုယ်ပိုင် ယဉ်ကျေးမှုတွင် လွတ်လပ်စွာ ပါဝင်ခွင့်၊ အစားအစာရရှိခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ ပညာသင်ကြားခွင့်) နှင့် အပိုဒ် (၂၈) မှ (၃၀) အထိ လူသားများ၏ တာဝန်ဝတ္တရားများအကြောင်းတို့ ပါရှိပါသည်။

မြန်မာနိုင်ငံသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကုလသမဂ္ဂ

က ထုတ်ပြန်ထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်တို့ကို ရည်ရွယ်ကာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) ဖြင့် ပြဋ္ဌာန်းပေးခဲ့လေသည်။

ထို့နောက်တွင်ကား အဆိုပါဥပဒေနှင့်အညီ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံး ပေါ်ပေါက်လာခဲ့သော ဥပဒေနှင့်အညီ ဖွဲ့စည်းသည့် လူ့အခွင့်အရေး ကော်မရှင်ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ကော်မရှင် ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည့် နှစ်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ဖြစ်ပါသည်။

လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို ချန်လှပ်ဖယ်ထုတ်ထား၍ မရနိုင်ပေ။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) သည် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ကျင့်ဝတ်ပိုင်းနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေး စွမ်းအား (Moral Force) များပါရှိသည့် ကြေညာစာတမ်းဖြစ်ပေသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သော နိုင်ငံတကာစာချုပ်များ ရေးဆွဲရာတွင်ကိုးကားရေးဆွဲရသည့် စာတမ်းလည်းဖြစ်သည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်း (UDHR) ထုတ်ပြန်ခဲ့သည်မှာ လက်ရှိ ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်လေသည်။ ဂုဏ်ပြုစကားဆိုရမည်ဆိုလျှင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) သည် လာမည့် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် စိန်ရတု ကာလကို ဖြတ်သန်းတော့မည်ဖြစ်လေသည်။

လူ့အခွင့်အရေးဆိုသည့် စကားလုံးကို ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်းနှင့် တောင့်တ ကြောင့်ကြခြင်းမှ ကင်းဝေးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသူများရှိလေသည်။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း ဆိုသည်မှာ လူသားတစ်ယောက်သည် မိမိ၏ အခြေခံ လွတ်လပ်ခွင့်များကို မည်သူတစ်ဦး တစ်ယောက်ကမှ မတရားတားမြစ် ပိတ်ပင်ခံရခြင်းမျိုး မရှိ၊ မကြောက်ရွံ့ရဘဲ လုံခြုံစိတ်ချစွာ နေနိုင်ခြင်းကို ဆိုလိုပြီး တောင့်တကြောင့်ကြခြင်းမှ ကင်းဝေးခြင်း ဆိုသည်မှာလည်း မိမိ၏ အသက်ရှင်သန် ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံအထောက်အပံ့များကို ရရှိနိုင်သော အခြေအနေမျိုးဖြင့် မတောင့်မတ၊ မကြောင့်မကြဘဲ နေထိုင်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် လူသားတိုင်းသည် လုံခြုံမှုနှင့် ဖူလုံမှု နှစ်မျိုးစလုံးကို ပြည့်ပြည့်ဝဝ ခံစားနေရခြင်းသည် လူ့အခွင့်အရေးကို ရရှိခံစားရခြင်းဖြစ်ပါသည်။ သို့သော် ခြွင်းချက်အနေဖြင့် ပြောရမည်ဆိုပါက လူ့အခွင့်အရေးဆိုသော စကားလုံးကို ပညာရှင်များ၏ အဓိပ္ပာယ် ဖွင့်ဆိုမှုသည် ယနေ့ထက်ထိတိုင် ပြီးပြည့်စုံခြင်း မရှိသေးပေ။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ထိုသူတို့၏ အခြေခံလွတ်လပ်မှုများနှင့် လူသားဂုဏ်သိက္ခာများကို မထိခိုက်အောင် ကာကွယ်ပေးသော လူသားအားလုံးနှင့် သက်ဆိုင်သည့် တရားရေးဆိုင်ရာ အာမခံချက်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားလေသည်။ ဆိုလိုရင်းမှာ လူတစ်ဦးချင်းအခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်သကဲ့သို့ အုပ်စုလိုက် အခွင့်အရေးများကိုလည်း လေးစား၍ ကာကွယ်ပေးရမည်ဖြစ်ကြောင်း ဆိုထားခြင်းဖြစ်သည်။ ဥပမာ- အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့ရသည့် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို ကာကွယ်ပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ အစိုးရများကလည်း လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ကာကွယ်ပေးရန် ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ လူ့အခွင့်အရေးများကို ခွဲခြားမှု မရှိဘဲ ပြည်သူတိုင်း ခံစားနိုင်စေရန် မူဝါဒများ ချမှတ်ပေးခြင်းဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများအတိုင်း အာမခံချက်ထားပြီး ကာကွယ်ပေးရမည် ဆိုသည့် အစိုးရများ၏ တာဝန်ရှိမှုကိုလည်း အခြားသော တစ်ဖက်တွင် ညွှန်းဆိုပြသထားမှု ရှိလေသည်။

လူ့အခွင့်အရေးသည် ဥပဒေအရ ခံစားခွင့် ရှိသကဲ့သို့ ကျင့်ဝတ်အရ လုပ်ဆောင်သင့်သည်ဟူသော အချက်နှစ်ချက်လုံးနှင့် သက်ဆိုင်သည်။အချို့အခွင့်အရေးမျာကို ဥပဒေအရ ကာကွယ်ပေးထားသည့်အတွက် ထိုအခွင့်အရေးမျိုးကို တရားရေးဆိုင်ရာ အခွင့်အရေး (Legal Rights)

ဟုခေါ်လေ့ရှိသည်။ ယင်းအခွင့်အရေးများကို နိုင်ငံတော်၏ တည်ဆဲဥပဒေများတွင် ခံစားနိုင်ခွင့်ရှိသည့်အတွက် ထိုဥပဒေကို တရားရေးဆိုင်ရာဥပဒေဟု သတ်မှတ်နိုင်သည်။ ခိုင်လုံသောအကြောင်းအရာ မရှိမချင်း အပြစ်မရှိဟု ဥပဒေက ဖွင့်ဆိုထားချက်များ၊ သက်သေ၊ အာမခံရရှိခွင့်များသည် တရားဥပဒေဆိုင်ရာ အခွင့်အရေးများဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများသည် လူ့အဖွဲ့အစည်းအားလုံးတွင် တစ်မျိုးတစ်ဖုံ တည်ရှိနေကြပြီး မည်သည့်အရာက မှားသည် မှန်သည် သို့မဟုတ် လက်သင့်ခံနိုင်လောက်သော အတိုင်းအတာဟုတ်သည် မဟုတ်သည် သို့မဟုတ် တရားနည်းလမ်းကျသည် မကျသည်ကို သိသာ မြင်သာစေသည်။ ၎င်းတို့သည် လူ့အခွင့်အရေးများအတွက် ကျင့်ဝတ်ဆိုင်ရာ အခြေခံပင်ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အဓိပ္ပာယ် သတ်မှတ်ချက်အရ "လူ့အခွင့်အရေးများသည် လူသားအားလုံး၏ မွေးရာပါ အခွင့်အရေးများဖြစ်ပြီး မျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားရောင်အားဖြင့်ဖြစ်စေ၊ ကျားမသဘာဝအားဖြင့်ဖြစ်စေ၊ နေရပ်ဒေသအရဖြစ်စေ၊ နိုင်ငံအရ ဖြစ်စေ၊ ဘာသာစကားအရဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်း မရှိဘဲ တူညီလွတ်လပ်စွာ ခံစားပိုင်ခွင့်ရှိသည်။ ၎င်းအခွင့်အရေးများသည် မွေးရာပါ အခွင့်အရေးဖြစ်ပြီး အချင်းချင်း အပြန်အလှန်ဆက်နွယ်၊ အပြန်အလှန်အမှီသဟဲပြု၊ ခွဲခြမ်း၍ မရ၊ ဖယ်ရှားနုတ်ပယ်၍ မရသော အခွင့်အရေးများ" ဖြစ်ကြသည်။

အခြားရှင်းလင်းချက်များကမူ လူ့အခွင့်အရေးအား လူသားအားလုံးနှင့် သက်ဆိုင်သော ဥပဒေဆိုင်ရာ အာမခံချက်များအနေဖြင့် ဖော်ပြထားကြပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် မြို့ပြဆိုင်ရာ ကဏ္ဍများကို ခြုံငုံကာမိစေသည်။ ၎င်းတို့သည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဂုဏ်သိက္ခာတည်းဟူသော လူ့တန်ဖိုးများကို ကာကွယ်ပေးသည်။

လူ့အခွင့်အရေးများသည် လူတစ်ဦးချင်းစီ၏ မွေးရာပါ အခွင့်အရေးဖြစ်သကဲ့သို့ အတိုင်းအတာတစ်ခုအားဖြင့် အစုအဖွဲ့များ၏ အခွင့်အရေးလည်းဖြစ်သည်ဟု စဉ်းစားနိုင်သည်။ ၎င်းတို့သည် နိုင်ငံတကာ စံနှုန်းများ၊ သတ်မှတ်ချက်များ ထင်ဟပ်နေရမည်ဖြစ်ပြီး နိုင်ငံများအနေနှင့် ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် အရာများဖြစ်သည်။ လူ့အခွင့်အရေး စံနှုန်း နမူနာများမှာ ငတ်မွတ်မှုနှင့် အာဟာရမပြည့်ဝမှုကို တိုက်ဖျက်ရေး၊ လူတိုင်းအတွက် အခမဲ့ မူလတန်းပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ပန်းတိုင်များပင်ဖြစ်သည်။ လူ့အခွင့်အရေး အခြေခံသဘောတရား နမူနာများမှာ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှု ကင်းဝေးရေး၊ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ တာဝန်ခံမှုရှိရေးနှင့် တရားဥပဒေစိုးမိုးရေး စသည်တို့ဖြစ်သည်။ လူ့အခွင့်အရေးဆီသို့ အစဉ်အလာအရ ချဉ်းကပ်မှု နည်းလမ်းများသည် အလျင်အမြန် ဖွံ့ဖြိုးလျက်ရှိပြီး ၎င်းတို့၏ လားရာ လမ်းကြောင်းမှာ အောက်ပါအတိုင်း ဖြစ်သည်- (က) နိုင်ငံရေးနှင့် သက်ဆိုင်သော၊ အများပြည်သူနှင့် သက်ဆိုင်သော အခွင့်အရေးများကို အခြေပြု၍ ပိုမိုကျယ်ပြန့်သည့် အခွင့်အရေးများ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု) ဆီသို့ ဖြန့်ကျက်ခြင်း၊ (ခ) ပြစ်ဒဏ်အခြေပြု ချဉ်းကပ်မှု ပုံစံမှ အပြုသဘောဆောင်သော ဆွေးနွေးမှု၊ အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုအပါအဝင် ပြောင်းလဲမှု ဖြစ်စဉ်ကို အထောက်အပံ့ ပေးနိုင်သည့် အားသစ်လောင်းပေးသော ချဉ်းကပ်မှုပုံစံသို့ ပြောင်းလဲခြင်း၊ (ဂ) ဆင်းရဲမှု လျော့ပါးစေရေးကို ဖွံ့ဖြိုးရေးပြဿနာတစ်ခုအဖြစ် မှတ်ယူခြင်းမှသည် ဆင်းရဲမှု တိုက်ဖျက်ရေးကို လူမှုတရားမျှတရေးနှင့် လူ့ဂုဏ်သိက္ခာတစ်ခုအဖြစ် မှတ်ယူရေး၊ (ဃ) အစိုးရဗဟိုပြု ချဉ်းကပ်မှု နည်းလမ်းမှသည် တစ်ဦးတစ်ယောက်ချင်း၊ ရပ်ရွာလူထုနှင့် ကော်ပိုရေးရှင်းများ၊ မီဒီယာများအပါအဝင် လူအများ ပူးပေါင်းပါဝင်ရေး ချဉ်းကပ်မှု နည်းလမ်းသို့ ပြောင်းလဲခြင်းတို့ ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် စိန်ရတုကာလသို့ နီးကပ်လာခဲ့ပြီဖြစ်သည်။ လူသားတိုင်းအတွက် မွေးရာပါ လူ့အခွင့်အရေးဟူသည်မှာ လွန်စွာ အရေးကြီးလှပေသည်။ လူသားအားလုံးသည် လူ့အခွင့်အရေး အပြည့်အဝဖြင့် အသက်ရှင်သန် နေထိုင်ခွင့်ရမည်ဆိုပါက ဤကမ္ဘာမြေသည် ပို၍ အသက်ဝင်လှပလာမည်မှာ မလွဲကေန်ဖြစ်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံးနှင့် သက်ဆိုင်သည့်

နေ့ထူးနေ့မြတ်ဖြစ်ရာ အဆိုပါနေ့တွင် ကမ္ဘာ့နိုင်ငံများ၌ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ၊ ပြိုင်ပွဲများ၊ လှုပ်ရှားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဂုဏ်ပြုကျင်းပ ကြပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် နေပြည်တော်တွင် အခမ်းအနား ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ လူတိုင်း လူ့အခွင့်အရေးများခံစားရရှိနိုင်ပြီး ကော်မရှင် ဥပဒေ ရည်ရွယ်ချက်ပါအတိုင်း ကုလသမဂ္ဂက ထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်လာစေရေး ဆုမွန်တောင်းလျက် ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် “Dignity, Freedom and Justice for all” နှင့်အညီ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဆီသို့ လူ့ဂုဏ်သိက္ခာ အပြည့်ဖြင့် လွတ်လပ်မှု၊ တရားမျှတမှုတို့နှင့် အတူ လူသားအားလုံး အတူတကွ ချီတက်နိုင်စေရန် ဆန္ဒပြုရင်း ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။

*****

# ENGLISH SECTION

Vol.3 No.2 February, 2024

## Myanmar National Human Rights Commission Statement No. (1/ 2024)

1. In commemoration of the 76th Anniversary of Independence which falls on 4 January 2024 and on humanitarian and compassionate grounds, the Chairman of the State Administration Council has pardoned 9,652 male and female prisoners serving prison terms at their respective prisons, jails, and detention camps under the Code of Criminal Procedure Article 401 (1), through the State Administration Council Order No 1/ 2024.

2. In addition, on bilateral relations and humanitarian grounds, the State Administrative Council Chairman has remitted the sentences of 114 foreign prisoners from the respective prisons, and detention camps under the Code of Criminal Procedure Article 401 (1), through the State Administration Council Order No 2/ 2024.

3. It is a positive action in terms of human rights to release the prisoners who are serving sentences in various prisons and detention camps. The Commission believes that those who are pardoned will have the opportunity to be reunited with their family members and will be able to participate in building a Union based on democracy and federalism while respecting the goodwill of the state.

4. The reduction of sentences and the release of foreign prisoners is perceived as means to foster friendship and enhance relations between countries.

5. The Myanmar National Human Rights Commission is pleased and rejoices together with the family members of those who have been granted pardons and hopes that similar positive actions will be continued in future.

**Myanmar National Human Rights Commission**

Date: 5 January 2024

## Inspection Visit to Mother's Love Home for the Aged by MNHRC

January 12

The inspection team led by Commissioners U Kyaw Soe and Dr. Than Myint from Myanmar National Human Rights Commission (MNHRC) inspected Mother's Love Home for the Aged in Hlegu Township, Yangon Region on 12 January 2024.

The inspection team inspected whether older persons in the Mother's Love Home for the Aged can get the fundamental human rights including healthcare services, food supply, provision of purified drinking water as well as the right to freedom of religion, adequate dormitories and arrangements for ease of living and movement within dormitories and arrangement for recreation places.

The inspection team gave warm words of encouragement to the older persons who are taken care of at the Home for Aged.

MNHRC will send recommendations to the relevant departments on the findings during the inspection visit.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

January 10

Myanmar National Human Rights Commission is encouraging to promote public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law.

Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission's office, gave lectures on human rights at the Battalion Commander Training Course No. (54) held at the Myanmar Army Combat Force School (Bayintnaung) on 10 January 2024 from 07:40 to 10:40 via Video Conferencing System. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept, and Director, U Zaw Lwin Htoo, gave the lectures on Universal Declaration of Human Rights, Nine Core Conventions, the Organization and Functions of Myanmar National Human Rights Commission. A total of 62 army officers attended the above mentioned course.

## The Myanmar National Human Rights Commission inspects the Aung Chan Thar Labour Camp

January 23

On January 23, 2023, the inspection team, led by U Tin Aung, member of the Myanmar National Human Rights Commission, conducted an inspection of the Aung Chan Thar Labour Camp in Kyauktan Township, Yangon Region, in accordance with Sections 43 and 44 of the MNHRC Law.

The inspection team conducted a thorough examination of the Aung Chan Thar Labour Camp in accordance with the MNHRC Law and procedures. The primary focus of the inspection was to assess whether the detainees in the camp were afforded their fundamental rights, including healthcare services, food supply, provision of purified drinking water. Additionally, the team scrutinized the conditions to ensure that prisoners received their personal belongings and items sent by their families. The inspection also aimed to identify any instances of human rights violations, torture, or discrimination within the workplace environment of the labour camp.

The inspection team further examined various facilities within the labour camp, including the prisoners' dormitories, clinic, library, kitchen, food storage, water purifier, areas designated for family visitation status, and the sanitation system.

Additionally, the MNHRC donated 50 books for the prisoners, and the officer in charge of the labour camp received the donated books.

The findings and recommendations of the inspection team will be sent to the relevant authorities for taking necessary actions.

# Field Visits to Labour Camps, Police Detention Center and Cherry Myay Home for the Aged in Mandalay Region Member of the Commission U Kyaw Myint from MNHRC

January 18

The inspection team led by Member of the Commission U Kyaw Myint from the Myanmar National Human Rights Commission inspected Htone Bo (1), (2) labour camps in Patheingyi Township on 16 January 2024, Htone Bo (Ma) labour camp in Patheingyi Township and 24 Mile labour camp in Pyin Oo Lwin Township on 17 January 2024, Police Detention Center and Cherry Myay Home for the Aged in Pyin Oo Lwin Township, Mandalay Region on 18 January 2024.

The inspection team inspected the production camps and police detention center in accordance with the MNHRC law and procedures whether the prisoners and detainees enjoy the fundamental rights, including healthcare services, food supply, provision of purified drinking water and cleanliness of police detention center. The inspection team inquired the prisoners in order to ensure that they get their personal items and items sent by families, family visits and whether there were human rights violations and torture cases in the prison.

The inspection team also inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of the labour camps.

Thereafter, the inspection team inspected the Cherry Myay Home for the Aged to examine whether the old aged persons can get the fundamental rights including healthcare services, food supply, provision of purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

MNHRC will send recommendations to the relevant department for necessary action based on the findings during inspection.

## Status of Handling Complaints

During January 2024, MNHRC received 21 Complaints on the violations addressed to the Commission. The complaint investigation team held 4 complaint screening meetings for examining the total of 21 complaints. 2 cases were referred to the relevant departments and on 3 cases, the complainant was advised on more appropriate remedies. 14 Cases which were not within the competence of the Commission were put on record in accordance with the section 32 (b),32(c), 37(a), 37(b) of MNHRC Law and not appropriate of Complaints.

## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)

January 25

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, the Director of the Commission's office, gave the lectures on human rights at the Criminal Records Officer Course No. (18/2023) and Combatant Organization Officer Course No. (3/2023), held at the Police Officer Training School (Mandalay) on 25 January 2024 from 07:30 to 09:50. In doing so, Director U Zaw Lwin Htoo delivered the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. The lecturer was followed by the question and answer section. A total of 150 officers attended the above-mentioned courses.

---

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

January 30

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes awareness of human rights. As part of this initiative, Daw Mi Mi Khaing, Deputy Director of the Commission's office, delivered a lecture on Child Rights during the Special Refresher Course for Basic Education Teachers No. (104) held at the Civil Service Academy (Lower Myanmar) on January 30, 2024, from 08:00 to 11:50. The lecturer was followed by the question and answer section. A total of 400 teachers from the Department of Basic Education (DBE) attended the above-mentioned courses.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း– ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
ဖုန်း– ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm